# ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၁) ရက် အွန်လိုင်းဖြင့် ကျင်းပခဲ့သည့် ရွေးချယ်ရေး လုပ်ငန်းခွဲကော်မတီအစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့သည် -

- Beneficial Ownership and Contract Transparency Legal Review Consultant အတွက် လျှောက်ထားလာသည့်အဖွဲ့များအား စိစစ်ရွေးချယ်ရန်
- Systematic Disclosure Feasibility Study Consultant အတွက် လျှောက်ထားလာသည့်အဖွဲ့ များအား စိစစ်ရွေးချယ်ရန်

## ၂။ အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးသို့ ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီဝင် အစိုးရကဏ္ဍ ကိုယ်စားလှယ် (၃) ဦး၊ လုပ်ငန်းရှင် ကိုယ်စားလှယ် (၂) ဦး၊ အရပ်ဘက်ကဏ္ဍကိုယ်စားလှယ် (၃) ဦး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ MOBD မှ (၈) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းနှင့်လေ့လာသူများ (၃) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၃) ဦး စုစုပေါင်း - ၂၂ ဦး (ကျား - ၁၄ ဦး၊ မ - ၈ ဦး) တက်ရောက်ခဲ့သည်။ အစည်းအဝေး တက်ရောက်သူ စာရင်းအား နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားပါသည်။

## ၃။ Beneficial Ownership and Contract Transparency Legal Review Consultant အတွက် လျှောက်ထားလာသည့်အဖွဲ့များအား စိစစ်ရွေးချယ်ရန် ဆွေးနွေးခြင်း

(၁) စီမံကိန်းမန်နေဂျာ ဦးနေမင်းမောင်က စတင်မိတ်ဆက်ဆွေးနွေးရာ၌ ယနေ့အစည်းအဝေးတွင် BO and Contract Transparency Legal Review အတွက် Consultant ရွေးချယ်ကြမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်အပတ်အတွင်း Score Sheet များဖြန့်ဝေ၍ ဖြည့်သွင်းရန် တင်ပြထားခဲ့ကြောင်း၊ ကိုယ်စားလှယ်တစ်ဦးတည်းကသာ ဖြည့်သွင်းထားသဖြင့် ယနေ့အစည်းအဝေး၌ ဖြည့်သွင်းရန် ကျန်သည့်ကိုယ်စားလှယ်များအနေဖြင့် မည်သို့ ဖြည့်သွင်းပေးမည်ကို ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ BO and Contract Transparency Legal Review အတွက် လျှောက်ထားမှု ၅ ခုရှိသော်လည်း နှစ်ဖွဲ့ကသာ အကျုံးဝင်သည်ကို တွေ့ရကြောင်း၊ ရွေးချယ်စိစစ်မှုမပြုလုပ်မီ တွေ့ရှိချက်များအား တင်ပြမည်ဖြစ်ပြီး အသေးစိတ်များအား ဆက်လက်ဆွေးနွေးရမည်ဖြစ်ကြောင်း စသဖြင့် မိတ်ဆက်တင်ပြခဲ့သည်။

(၂) BO Coordinator ဖြစ်သည့် ဦးဖွဲ့စည်းသူအောင်က ဆွေးနွေးရာ၌ လျှောက်ထားသည့် အဖွဲ့/လူပုဂ္ဂိုလ် (၅) ခုရှိခဲ့ရာတွင် ကိုက်ညီသည့်အဖွဲ့ နှစ်ခုသာ ရှိကြောင်း၊ ကျန် ၃ ဦးသည် Proposal ပုံစံဖြစ်မနေဘဲ အချက်အလက်မပြည့်စုံကြောင်း၊ ထို့ကြောင့် အဖွဲ့ (၂) ဖွဲ့ကိုသာ ပဏာမ အကျုံးဝင်သည်ဟု ရွေးချယ်ထားကြောင်း၊ ပထမလာလျှောက်သည့်အဖွဲ့ဖြစ်သည့် Michael Barron သည် အဖွဲ့ (၄) ဖွဲ့ပေါင်းထားကြောင်း၊ EITI အတွေ့အကြုံ တော်တော်များများရှိကြောင်း၊ Ethiopia ၊ Ghana တို့နှင့်ပတ်သက်၍ Law များရေးဆွဲပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံအတွက် British Government နှင့်ပူးပေါင်း၍ စီမံကိန်းများ ဆောင်ရွက်ဖူးကြောင်း၊ မြန်မာနိုင်ငံ၏ Anti-money Laundry Law နှင့်ပတ်သက်၍ BO အား လုပ်ဆောင်ခဲ့ဖူးကြောင်း၊ နိုင်ဂျီးရီးယား၏ EITI အတွက် BO ထုတ်ဖော်ရန် BO Template ကိုလည်း ရေးဆွဲခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံ၌ FIU ၊ Central Bank တို့နှင့် ပူးတွဲဆောင်ရွက်သည့် စီမံကိန်းများ လုပ်ဆောင်ခဲ့ဖူးသည်ဟု ဆိုထားကြောင်း၊ ရုံးအဖွဲ့အနေဖြင့် အဖွဲ့ (၄) ခုလုံးအတွက်မရှိဘဲ Michael Barron နှင့်ချိတ်ဆက်ပြီးဆောင်ရွက်ကြသည့်အတွက် Michael Barron ၏ ရုံး ရှိသည်ဟု သိရကြောင်း၊ Cost Proposal အရ ဒေါ်လာ ၅၂,၇၃၀ နှင့် အချိန်ကာလ (၁၂) ပတ်ကြာမြင့်မည်ဟု ဖော်ပြထားကြောင်း၊

(၃) နောက်အဖွဲ့သည် DFDL အဖွဲ့ဖြစ်ကြောင်း၊ EITI အတွေ့အကြုံများ မရှိကြောင်း၊ Banking and Finance အတွေ့အကြုံ များ၊ Corporate and Customer Due Diligence အတွေ့အကြုံများရှိကြောင်း၊ မြန်မာနိုင်ငံတွင် လုပ်ကိုင်ဖူး သည့်အတွေ့အကြုံများအား ဖော်ပြထားကြောင်း၊ Delivery အနေဖြင့် အတူတူဖြစ်ကြောင်း၊ Cost Proposal အနေဖြင့် ဒေါ်လာ ၃၀၀၀၀ - ၄၀၀၀၀ ကျသင့်မည်ဖြစ်ပြီး ဘာသာပြန်စရိတ်များ၊ ကျန်သည့် အပိုကုန်ကျစရိတ်များ မပါဝင်သေးဟု ဆိုထားကြောင်း၊ အားလုံးထည့်ပေါင်းလိုက်မည်ဆိုပါက Michael Barron နီးပါးကုန်ကျစရိတ်ဖြစ်မည်ဖြစ်ကြောင်း၊ အချိန်ကာလအားဖြင့် (၃) လကြာမည်ဟု ဆိုထား ကြောင်းလည်း တင်ပြခဲ့သည်။

(၄) လုပ်ငန်းရှင်ကိုယ်စားလှယ် ဦးခင်မောင်ဟန် က ဆွေးနွေးရာ၌ DFDL နှင့် Michael Barren တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးရာ၌ DFDL သည် ကုမ္ပဏီဘက်ကဖြစ်သည့် အတွက်ကြောင့် မသင့်လျော်ကြောင်း၊ Michael Barren ဆိုသည်လည်း နိုင်ငံတကာ အတွေ့အကြုံရှိသော်လည်း Legal Review အနေဖြင့် မသင့်တော်ဟု မြင့်ကြောင်း၊ Conflict of Interest ရှိနိုင်သည်ကို သတိပြုလိုကြောင်း ဆွေးနွေးခဲ့သည်။

(၅) အရပ်ဘက်ကိုယ်စားလှယ် ဦးသန့်ဇင်က ဆွေးနွေးရာ၌ ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ မည်သို့စဉ်းစားထားသည်မသိသော်လည်း အဆိုပါအဖွဲ့များအနေဖြင့် ယခု ကာလတွင် မြန်မာပြည်သို့လာရန် အဆင်မပြေနိုင်သေးကြောင်း၊ မြန်မာနိုင်ငံ၏ ဥပဒေဆိုင်ရာများကို သေချာသိထားပါက အဆင်ပြေနိုင်ကြောင်း၊ DFDL သည် EITI နှင့်ပတ်သက်သည့် အတွေ့အကြုံများ မတွေ့ရကြောင်း၊

ရေနံနှင့်သတ္တုအတွေ့အကြုံများရှိရကြောင်း၊ ဒီနှစ်ခုထက် အခြားဆွေးနွေးရွေးချယ်စရာ ရှိပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၊ Timeline မည်မျှ မည်ပုံရှိသည်ကို သိရပါက ပိုမိုအဆင်ပြေမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၆) သစ်တောကဏ္ဍ ကိုယ်စားလှယ် ဦးတင်ထွန်းက ဆွေးနွေးရာ၌ မိမိအနေဖြင့် ဖြည့်သွင်းရမည့် Score Sheet ဖြည့်သွင်း၍ ပေးပို့ထားပြီးဖြစ်ကြောင်း၊ ရွေးစရာ နှစ်ခုပေးထားသည့်အတွက် အဆိုပါနှစ်ခုအပေါ် အမှတ်ပေး၍ ပေးပို့ထားပြီးဖြစ်ကြောင်း၊ တစ်ခုသည် ဈေးနှုန်းကြီးပြီး မြန်မာ၏ အခြေအနေကို နားလည်သည့်အဖွဲ့၊ တစ်ခုသည် ဈေးသိပ်မကြီးပဲ နိုင်ငံတကာအတွေ့အကြုံရှိသည့်အဖွဲ့၊ မိမိအနေဖြင့် ဈေးသင့်ပြီး နိုင်ငံတကာအတွေ့အကြုံရှိသည့် Michael Barron ကို ဦးစားပေး ရွေးချယ်စေလိုကြောင်း ဆွေးနွေးခဲ့သည်။

(၇) သစ်တောကဏ္ဍ လုပ်ငန်းရှင်ကိုယ်စားလှယ် ဦးစိုးမော်က ဆွေးနွေးရာ၌ မိမိအနေဖြင့် သစ်တောသမား ဖြစ်သည့်အတွက် ဤကဏ္ဍများ၏ အသေးစိတ်ကို မဆွေးနွေးနိုင်ကြောင်း၊ အားလုံးသဘောတူပါက အဆင်ပြေပါကြောင်း ဆွေးနွေးခဲ့သည်။

(၈) သတ္တုကဏ္ဍ အစိုးရကိုယ်စားလှယ် ဦးကျော်သက်က ဆွေးနွေးရာ၌ မိမိအနေဖြင့် ဈေးလည်း သိပ်မများဘဲ နိုင်ငံတကာ အတွေ့အကြုံရှိသည့် Michael Barron အား ပိုရွေးချယ်ရန် တိုက်တွန်းကြောင်း ဆွေးနွေးခဲ့သည်။ လုပ်ငန်းရှင်ကိုယ်စားလှယ် ဦးခင်မောင်ဟန်က ဆွေးနွေးရာ၌ အချိန်ရမှသာ ပြန်ကြေညာ ခေါ်သင့် ကြောင်း၊ အချိန်မရပါက ယခုလျှောက်ထားသည့် နှစ်ခုတည်းမှ ရွေးချယ်သင့်ကြောင်း ဆွေးနွေးခဲ့သည်။

(၉) USAID-TIGA မှ Natural Resource Management Lead ဖြစ်သည့် ဒေါ်တာရာမောင်က ဆွေးနွေးရာ၌ အချိန်ရှိ၊ မရှိသည် မည်သည့်အပေါ် မူတည်သည်ကို မိမိသေချာမသိကြောင်း၊ Work Plan အရ ဆောင်ရွက်ခြင်း သို့မဟုတ် EITI Secretariat အရ ရက်အကန့်အသတ်ရှိနေမည်လား စသဖြင့် သိလိုကြောင်းလည်း ဆွေးနွေးခဲ့သည်။ စံနှုန်းအရ Deadline သတ်မှတ်ထားခြင်း မရှိသေးကြောင်း၊ Work Plan အရ ဆောင်ရွက်ထားခြင်းသာဖြစ်ကြောင်း စီမံကိန်းမန်နေဂျာ ဦးနေမင်းမောင်က ပြန်လည်ဆွေးနွေးခဲ့သည်။

(၁၀) အရပ်ဘက်ကိုယ်စားလှယ် ဦးသန့်ဇင်က ဆွေးနွေးရာ၌ Michael Barron ဆိုလျှင် အတွေ့အကြုံ ရှိသော်လည်း အချိန် (၃) လအတွင်း ဆောင်ရွက်မည်ဟု ဖော်ပြထားကြောင်း၊ ကိုယ့်နိုင်ငံအကြောင်း သေချာသိထားသူဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ Local Firm များ လျှောက်ထားမည်ဆိုပါက လျှောက်ထားနိုင်ရန် စီစဉ်စေချင်ကြောင်း ဆွေးနွေးခဲ့သည်။

(၁၁) ဒေါ်တာရာမောင်က ဆွေးနွေးရာ၌ ကိုယ်စားလှယ်များအနေဖြင့် Firm ကိုသာ ခန့်အပ်စေချင်ပါက မြန်မာနိုင်ငံ Firm သို့မဟုတ် မည်ကဲ့သို့သော Criteria များ ပြန်ထည့်မည်ကိုလည်း ဆွေးနွေးစေချင်ကြောင်း၊ Request For Proposal (RFP) ပုံစံပြန်ပြောင်းပြီးခေါ်ရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

(၁၂) ဦးသန့်ဇင်က ဆွေးနွေးရာ၌ ထိုသို့ ကန့်သတ်လိုက်သည်က ရွေးချယ်မှုနည်းသွားမည်ကို စိုးရိမ်ကြောင်း၊ ပြီးခဲ့သည့်လျှောက်ထားခဲ့သည်များကို ပြန်လျှောက် ထားခွင့်ပြုသည့်ပုံစံမျိုး ဖြစ်စေချင် ကြောင်း လည်း သဘောထားပေးခဲ့သည်။

(၁၃) ယခုလုပ်ငန်းစဉ်အတွက် မိမိတို့အနေဖြင့် နှစ်ခါ ကြေညာခဲ့ကြောင်း၊ ပထမအကြိမ်တုန်းက Individual ၊ ဒုတိယအကြိမ်လည်း Individual ဖြစ်ခဲ့ကြောင်း၊ တစ်လလုံးတွင် လျှောက်ထားမှုသည် Firm နှစ်ခုကသာ အဆင်ပြေနေကြောင်း၊ Firm နှင့်ပြုလုပ်မည်ဆိုပါက အစအဆုံး RFP ပြန်ပြင်ရမည်ဖြစ်ကြောင်း ဒေါ်တာရာမောင်က ဆွေးနွေးတင်ပြခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များ ကလည်း Firm ဖြင့်သာ ဆောင်ရွက်ရန် သဘောထားပေးခဲ့သည်။

(၁၄) DFDL နှင့်ပတ်သက်၍ ဒေါ်လာ ၃ သောင်းနှင့် လျှောက်ထားလာသည်မှာ စိတ်ဝင်စားမှုတစ်ခုခု ရှိနေနိုင် ကြောင်း၊ Conflict of Interest အား ထည့်သွင်းစဉ်းစားသင့်ကြောင်း လုပ်ငန်းရှင်ကိုယ်စားလှယ် ဦးခင်မောင်ဟန်က သဘောထားပြုဆွေးနွေးခဲ့သည်။

(၁၅) ဒေါ်တာရာမောင်က ဆွေးနွေးရာ၌ မြန်မာ၊ USA နှင့် Developing Countries များတွင်သာ Register လုပ်သည့် အဖွဲ့များသာ လျှောက်ထားနိုင်ကြောင်း၊ ထပ်လျှောက်တဲ့သူမရှိဘဲ ယခုအဖွဲ့များသာ လျှောက်ထားလာပါက မည်ကဲ့သို့ ဆုံးဖြတ်မည်ကို သိလိုကြောင်းလည်း ဆွေးနွေးမေးမြန်းခဲ့သည်။

(၁၆) အစိုးရကိုယ်စားလှယ် ဦးတင်ထွန်းက ဆွေးနွေးရာ၌ နိုင်ငံတကာအတွေ့အကြုံသာမက မြန်မာနိုင်ငံ၌ အတွေ့အကြုံ ရှိသည့်အဖွဲ့ကို ဦးစားပေးရမည်ဖြစ်ပြီး ပြန်လျှောက်လာသည့်အဖွဲ့အား ရွေးချယ်စဉ်းစားရန် လည်း သဘောထားပေးပါကြောင်း ဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ် ဦးကျော်သက်ကလည်း ဦးတင်ထွန်း၏ ဆွေးနွေးမှုအပေါ် မိမိအနေဖြင့်လည်း သဘောတူပါကြောင်းလည်း ဆွေးနွေးခဲ့သည်။

(၁၇) အရပ်ဘက်ကဏ္ဍ ကိုယ်စားလှယ် ဦးထူးအောင် က ဆွေးနွေးရာ၌ တစ်ခုစဉ်းစားလိုသည်မှာ Conflict of Interest ကို စိစစ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် မြန်မာအတွေ့အကြုံကို

စဉ်းစားရမည့်အပြင် ခရီးသွားလာမှုအကန့်အသတ်ရှိထားသည်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်းလည်း ဆွေးနွေးခဲ့ သည်။

## ၄။ Systematic Disclosure Feasibility Study Consultant ရွေးချယ်ရန်အတွက် တင်ပြခြင်း

(၁) ဒေါ်တာရာမောင်က တင်ပြရာ၌ Systematic Disclosure တွက် မိမိတို့ ကြေညာခဲ့ရာ၌ ပထအကြိမ်လျှောက်ထားကြပြီးနောက် ဒုတိယအကြိမ် ကြေညာခဲ့ရာတွင် BDO အဖွဲ့တစ်ဖွဲ့သာ လျှောက်ထားလာကြောင်း၊ ထို့ကြောင့် မည်သို့စဉ်းစား၍ ဆုံးဖြတ်မည်ကို ဆွေးနွေးပေးစေလိုကြောင်း၊ နောက်တစ်ကြိမ် ပြန်ကြေညာ ခြင်း ပြု၊ မပြု နှင့်အကယ်၍ နောက်တစ်ကြိမ်ကြေညာပြီးသော်လည်း အကယ်၍ ထပ်မံလျှောက်ထားသည့်အဖွဲ့မရှိပါက မည်သို့ ဆုံးဖြတ်မည်ကိုပါ တစ်ပါတည်း စဉ်းစားကြစေလိုကြောင်း ဆွေးနွေးခဲ့သည်။

(၂) ဦးကျော်သက်က ဆွေးနွေးရာ၌ ဤကိစ္စသည် အနည်းငယ်ပိုလေးနက်ကြောင်း၊ EITI နှင့်ပတ်သက်ပြီး အများစုသည် အကျွမ်းတဝင်မရှိသဖြင့် မလျှောက်ထားခြင်းဟု မြင်ကြောင်း၊ ရွေးချယ်စရာမရှိပါက လက်ရှိအဖွဲ့များထဲမှာ ရွေးချယ်ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၃) ဦးသန့်ဇင်က ဆွေးနွေးရာ၌လည်း ရွေးချယ်စရာမရှိတော့ပါက နည်းပညာအပိုင်းများအား အသေးစိတ်ညှိနှိုင်းရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၄) ဦးခင်မောင်ဟန်က ဆွေးနွေးရာ၌ အဆိုပါအကြောင်းအရာသည် အများစုနှင့်မကျွမ်းဝင်သည့် ဘာသာရပ် ဖြစ်နေသည့်အတွက် လျှောက်ထားသူနည်းမည်ဖြစ်ကြောင်း၊ ညှိရမည်ဆိုပါက ဘက်ပေါင်းစုံက ညှိနှိုင်းရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတစ်ချက်ဆွေးနွေးလိုသည်မှာ BO နှင့်ပတ်သက်ပြီး FIU ၏ AML/CFT နှင့် EITI BO အချက်အလက်များအား ညှိနှိုင်းသင့်ကြောင်း၊ မှတ်တမ်းတင်ထားစေချင်ကြောင်း၊ Legal Review Consultant အနေဖြင့်လည်း အဆိုပါအချက်အား ထည့်သွင်းစဉ်းစားစေချင်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

# ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေး
# ဆုံးဖြတ်ချက်များ

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၁) ရက် virtual Meeting

| စဉ် | ဆုံးဖြတ်ချက်များ | တာဝန်ရှိသူ | ဆောင်ရွက်မည့်အချိန် |
| --- | --- | --- | --- |
| ၁။ | BO and Contract Transparency Legal Review Consultant အတွက် Stephenson Harwood, GovRisk, Michael Barron and Engage နှင့် DFDL အပြင် အခြားအဖွဲ့များ လျှောက်ထားနိုင်ရေးအတွက် အချိန်တစ်လ သတ်မှတ်၍ ကြော်ငြာထပ်မံခေါ်ယူရန်<br>ထပ်မံကြော်ငြာမည့်ကြော်ငြာ (RFP) အသစ်၏ Criteria တွင် အောက်ပါအချက် များအား ထည့်သွင်းစဉ်းစားရန်<br>• Individual ဖြင့် မဟုတ်ဘဲ Firm အနေဖြင့်သာ ကြော်ငြာရန်<br>• မြန်မာနိုင်ငံ၊ US နှင့် Developing Countries များတွင် Register လုပ်ထားသည့်အဖွဲ့များဖြစ်ရန်<br>• နိုင်ငံတကာအတွေ့အကြုံ နှင့် မြန်မာနိုင်ငံ၏ သဘော သဘာဝ (Local Context) အား နံ့စပ်မည့် အဖွဲ့များ ဖြစ်ရန်<br>ကိုဗစ်-၁၉ အခြေအနေအရ ခရီးသွားလာမှု အကန့်အသတ်များ ရှိသည့်အပေါ် ဘတ်ဂျက်တွက်ချက်ရာတွင် ထည့်သွင်းစဉ်းစားရန်<br>Local အဖွဲ့များ လျှောက်ထားပါက အကျိုးစီးပွား ပဋိပက္ခ (Conflict of Interest) မရှိစေရေး စိစစ်ရွေးချယ်ရန် | NCS ၊ USAID-TIGA ၊ MOBD ၊ Selection Sub-committee | |
| ၂။ | BO and Contract Transparency Legal Review Consultant အတွက် ကြော်ငြာထပ်မံခေါ်ယူရာတွင် လက်ရှိလျှောက်ထားသည့် အဖွဲ့ (၂) ခုမှ ထပ်မံ ပြန်လည်လျှောက်ထားပါက ခွင့်ပြုရန်နှင့် ၎င်းအဖွဲ့ (၂) ဖွဲ့အား Modified RFP အား ပေးပို့၍ ပြန်လည်အကြောင်းကြားရန် | NCS ၊ USAID-TIGA ၊ Selection Sub-committee | |
| ၃။ | Systematic Disclosure နှင့်ပတ်သက်၍ EITI လုပ်ငန်းစဉ်နှင့် အတွေ့အကြုံရှိသည့်အဖွဲ့မှာ နည်းပါးပြီး လျှောက်ထားသူ နည်းသောကြောင့် Announcement အား (၁) ပတ်အချိန်ယူ၍ ထပ်မံ ကြေညာရန်၊<br>အဆိုပါ (၁) ပတ်အတွင်း ထပ်မံလျှောက်ထားသည့်အဖွဲ့ မရှိတော့ပါက ယခုလျှောက်ထားသည့် BDO အဖွဲ့အား စိစစ် ရွေးချယ်ရန်နှင့် စာချုပ် | NCS ၊ USAID-TIGA ၊ MOBD ၊ Selection Sub-committee | |

| | | | |
|---|---|---|---|
| | ချုပ်ဆိုခြင်းမပြုမီ နည်းပညာဆိုင်ရာ လိုအပ်ချက်များအား အသေးစိတ် ဆွေးနွေးညှိနှိုင်းရန်၊ | | |

နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများစာရင်း (ကျား-၁၄ ဦး၊ မ -၈ ဦး၊ စုစုပေါင်း - ၂၂ ဦး)

| စဉ် | အမည် | ရာထူး/တာဝန် | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| **အစိုးရကဏ္ဍ** | | | |
| ၁ | ဦးကျော်သက် | DDG | DOM |
| ၂ | ဦးတင်ထွန်း | DDG | FD |
| ၃ | ဒေါ်ဝင်းဝင်းကြူ | DD | OGPD |
| **လုပ်ငန်းရှင်ကဏ္ဍ** | | | |
| ၄ | ဦးစိုးမော် | Chair | MFPTMA |
| ၅ | ဦးခင်မောင်ဟန် | Chair | MFMA |
| **အရပ်ဘက်ကဏ္ဍ** | | | |
| ၆ | ဦးသန့်ဇင် | MSG | MATA |
| ၇ | ဦးထူးအောင် | NC | MATA |
| ၈ | ဦးဘုန်းပြည့်ကြွယ် | PC | MATA |
| **ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (MOBD)** | | | |
| ၉ | ဒေါ်နန်းလှလှမင်း | ညွှန်ကြားရေးမှူး | MOBD |
| ၁၀ | ဒေါ်ခင်ပပခိုင် | ဒုတိယညွှန်ကြားရေးမှူး | MOBD |
| ၁၁ | ဦးဇော်ဟိန်းထွန်း | ဒုတိယညွှန်ကြားရေးမှူး | MOBD |
| ၁၂ | ဒေါ်မြမြင့်သန်း | လက်ထောက်ညွှန်ကြားရေးမှူး | MOBD |
| ၁၃ | ဒေါ်ခင်သန္တာကျော်တင့် | ဦးစီးအရာရှိ | MOBD |
| ၁၄ | ဒေါ်ပေရယ်အောင်လွင် | ဦးစီးအရာရှိ | MOBD |
| ၁၅ | ဦးနေထွန်းလင်း | ဦးစီးအရာရှိ | MOBD |
| ၁၆ | ဒေါ်အိပိုင်ဖြိုး | ဦးစီးအရာရှိ | MOBD |
| **ဖွံ့ဖြိုးမိတ်ဖက်အဖွဲ့အစည်းများနှင့် လေ့လာသူများ** | | | |
| ၁၇ | ဒေါ်တာရာမောင် | Natural Resource Management Lead | USAID-TIGA |
| ၁၈ | ဦးကျော်ဇောထွန်း | AD | DOM |
| ၁၉ | ဒေါ်သန္တာဦး | ဦးစီးအရာရှိ | OGPD |
| **MEITI-NCS** | | | |
| ၂၀ | ဦးနေမင်းမောင် | Acting Program Manager | MEITI-NCS |
| ၂၁ | ဦးဖွဲ့စည်သူအောင် | BO Coordinator | MEITI-NCS |
| ၂၂ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |